# အမေရိကန်၏ လယ်ယာထွက်ပို့ကုန်များအပေါ် သွင်းကုန်ခွန်လျှော့ချရန် အိန္ဒိယစဉ်းစားမည်

၁။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ တတိယပတ်အတွင်း အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား အဆင့်မြင့်အရာရှိများအဆင့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာတွင် အိန္ဒိယဘက်မှ အကောက်ခွန်လျှော့ချ သက်သာခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည့် ကုန်စည်အမယ်ပေါင်း ၄၀ ခန့်ကို သတ်မှတ်နိုင်ခဲ့ကြောင်း သိရှိရသည်။

၂။ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Robert Lighthizer တို့ နိုဝင်ဘာလ လဆန်းပိုင်း၌ တွေ့ဆုံခဲ့ကြပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေးမှုများ၌ တိုးတက်မှုများရရှိလာခဲ့ကြောင်း၊ အိန္ဒိယဘက်မှ သွင်းကုန်ခွန်လျှော့ချရန် ထည့်သွင်းစဉ်းစားမည့်စာရင်းတွင် အခွံမာသစ်စေ့သီး (pistachio)၊ သစ်ကြားသီးနှင့် ပန်းသီးတို့အပါအဝင် အမေရိကန်၏ လယ်ယာထွက်ကုန်စည်များ ပါဝင်သော်လည်း နို့ထွက်ပစ္စည်းနှင့် အချို့သောပဲမျိုးများမှာ ဆွေးနွေးရာ၌ပါဝင်ခြင်းမရှိကြောင်း၊ နှစ်ဘက်အရာရှိများသည် ဆေးပစ္စည်းကိရိယာများ ကုန်သွယ်မှုအတွက် အခွန်သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အိန္ဒိယနိုင်ငံရှိ Economic Times သတင်းဌာနမှ ဖော်ပြပါသည်။

၃။ အိန္ဒိယ၏ နို့ထွက်ပစ္စည်းနှင့် ဆေးပစ္စည်းကိရိယာများ တင်သွင်းမှုနှင့်စပ်လျဉ်း၍ ဈေးနှုန်းထိန်းချုပ်ဆောင်ရွက်မှုသည် အမေရိကန်နိုင်ငံအတွက် အိန္ဒိယနှင့် ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးရာတွင် အဓိကအဖြေရှာရမည့်ကိစ္စရပ်အဖြစ် ပါဝင်လျက်ရှိသည်။ နှစ်ဘက်လုံး၌ ထိခိုက်လွယ်သည့် ကိစ္စရပ်များရှိနေသော်လည်း ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလဒ်များအရ နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်အား မကြာမီကာလများအတွင်း အပြီးသတ်နိုင်ဖွယ်ရာရှိကြောင်း သုတေသီများက သုံးသပ်လျက်ရှိသည်။



(နေအေးလွင်)
စီးပွားရေးသံမှူး
မြန်မာသံရုံး၊ နယူးဒေလီမြို့

Source: Dairy out of India-US trade talks for now, 26 Nov 2019, Economic Times